ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့ (2-8-2010)(၆၇၇၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

Bio - Tech ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ Hi-Tech City နှင့် TA TA Industry Company တို့ကို လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော်   ဩဂုတ်   ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့မှ Hyderabad မြို့သို့ ဆက်လက်ထွက်ခွာရန် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့်ဟိုတယ်မှ နယူးဒေလီမြို့ Palam လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား Minister of State, Mrs. Preneef Kqur နှင့် တာဝန်ရှိသူများက Palam လေတပ်စခန်းဌာနချုပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

TA TA Motors Ltd. မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၅ မိနစ်တွင် အိန္ဒိယလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ထွက်ခွာလာပြီး Andhra Pradesh ပြည်နယ် Hyderabad မြို့သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား Andhra Pradesh ပြည်နယ်မှ Director of Protocol ဖြစ်သူ Mr. N. V Ramana Reddy နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Taj Krishna ဟိုတယ်သို့ ရောက်ရှိကြသည်။

ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ TA TA Motors Ltd. ၏ ကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ဆေးဝါးထုတ်လုပ်ရေးစက်ရုံ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီတွင် Hyderabad မြို့ရှိ Bharat Biotech International Ltd. ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့် မန်နေဂျင်းဒါရိုက်တာဖြစ်သူ Dr. Krishna M. Ella က ကြိုဆိုပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှ ဆေးဝါးများထုတ်လုပ်နေမှုနှင့် ပညာရှင်များဖြင့် ဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ကြေးမှုံ The Mirror
၂-၈-၂၀၁၀
(တနင်္လာနေ့)

ရင်သွေးငယ်များကျန်းမာရေး မိခင်နို့ တိုက်ကျွေး

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးနေသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများကလည်း ပူးပေါင်းပါဝင်ကူညီလျက်ရှိသည်။

နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း ၆၀ကျော်သည် မိခင်နှင့်ကလေးများဖြစ်သည်။ ၂၀၁၀ခုနှစ် ဩဂုတ်လအတွင်း မိခင်နှင့် ကလေး ကျန်းမာရေးအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ကျင်းပသွားမည်ဖြစ်သည်။ ဩဂုတ်လ ပထမပတ်သည် မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းသည် နို့စို့အရွယ်ကလေးသူငယ်များ အသက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရိုးရှင်းဆုံးနည်းလမ်းဖြစ်သည်။

မိခင်နို့ရည်တွင် မွေးကင်းစ ကလေးငယ်များအတွက် လိုအပ်သော ပရိုတင်းဓာတ်၊ ကစီဓာတ်၊ ဗီတာမင်၊ ဓာတ်ဆားနှင့် ရေ စသည့် ပစ္စည်းများ ပါဝင်နေရာ မိခင်နို့တစ်မျိုးတည်းကို တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ အသက်ရှင်သန် ကျန်းမာဖွံ့ဖြိုးစေမည်ဖြစ်သည်။ မိခင်များအနေဖြင့် ကလေးမွေးဖွားပြီး တစ်နာရီအတွင်း မိခင်နို့ဦးရည်ကို ဂရုပြုတိုက်ကျွေးခြင်း၊ မွေးစမှ ကလေးခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းတို့ဖြင့် ကလေးငယ်များ ကျန်းမာသန်စွမ်းမှုကို များစွာအထောက်အကူပြုပေမည်။

အချို့သောမိခင်များသည် ရင်သွေးငယ်များအား အလွယ်တကူရရှိနိုင်သည့် နို့မှုန့်များကိုဖျော်၍ တိုက်ကျွေးလေ့ရှိကြသည်။ မသန့်ရှင်းသော နို့မှုန့်ကို တိုက်ကျွေးမိပါက ဝမ်းလျှောဝမ်းပျက်ခြင်းနှင့် အခြားရောဂါများဖြစ်ပွားခြင်း၊ ကျန်းမာရေး ထိခိုက်ခြင်းများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ ရှေးရိုးအယူအဆသည် ခေတ်ပေါ်သိပ္ပံနည်းများဖြင့် ဆန်းစစ်ကြည့်သောအခါ မှန်ကန်နေကြောင်းတွေ့ရှိရသဖြင့် တစ်ကမ္ဘာလုံးရှိမိခင်များက နို့ချိုတိုက်ကျွေးရေးကို အလေးထားဆောင်ရွက်နေကြပြီ ဖြစ်သည်။

သို့ဖြစ်ရာ မိခင်တိုင်းက မိမိတို့၏ရင်သွေးငယ်များ ကျန်းမာဖွံ့ဖြိုးမှုကို အစဉ်ဂရုပြုပြီး ကလေးအသက်(၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ စနစ်တကျတိုက်ကျွေးကြရန်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအားလုံးက မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ကူညီ အသိပညာပေးဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ယခုတစ်ပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၉)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "နိုင်ငံတစ်ဝန်းလုံး ငွေကြေးစီးဆင်းလည်ပတ်မှုမှန်ကန်မြန်ဆန်ရန်လိုအပ်၊ တစ်နိုင်ငံလုံးရှိ ဘဏ်များမှ စာရင်းဇယားများကို အထုတ်အသွင်းပြုလုပ်နိုင်တဲ့ Online Banking System ဆောင်ရွက်နေပြီ၊ သွင်းကုန် လိုင်စင်ကြေးများ ပေးသွင်းရာတွင် e-Payment စနစ်ကျင့်သုံး"၊ "မြန်မာနိုင်ငံသားများဘဏ်တိုးတက်အောင်မြင်လျက်ရှိပြီး အခြား ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် ယှဉ်ပြိုင်နိုင်သည်ဟုဆို၊ နေပြည်တော်တွင် ဘဏ်ရုံးချုပ်အဆောက်အအုံ၊ မူဆယ်စီးပွားရေးဇုန်တွင် ဘဏ်ရုံးခွဲအဆောက်အအုံဆောက်လုပ်လျက်ရှိ၊ ဘဏ်ခွဲများကိုလည်း တိုးချဲ့ဖွင့်လှစ်သွားမည်"၊ "အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြိုင်ပွဲ မြို့ကြီးများတွင်လည်း ပြုလုပ်သင့်၊ လူတိုင်း စီးပွားရေးကောင်းမွန်လာသည်နှင့်အမျှ အိမ်ရာနှင့် နေထိုင်မှုဘဝလည်း ပို၍ပို၍ ပြောင်းလဲခေတ်မီတိုးတက်နေမည်"မျက်နှာဖုံးသတင်း ဆောင်းပါးများ၊ "မြန်မာနိုင်ငံရာသီဥတုဆိုင်ရာ မေးခွန်းလေးခု ပြည်သူအများ သိချင်နေ၊ လာနီညာရာသီဥတုဖြစ်လာရင် ဘယ်လိုကြုံတွေ့ရမလဲ"၊ "ကင်ဆာ ကာကွယ်တိုက်ဖျက်ရာတွင် ဂျုံမြက်နုသည် အစွမ်းအထက်ဆုံးအပင်အဖြစ် ကမ္ဘာက အသိအမှတ်ပြု၊ ဂျုံမြက်နုဆေးအဖြစ် FAME ဆေးဝါးလုပ်ငန်းက ထုတ်လုပ်ဖြန့်ချိ "သတင်းဆောင်းပါးများနှင့် မောင်ဝံသ၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ မောင်ပုဆိုးကြမ်းတို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မောင်မောင်စိုး၏ စည်းရုံးလှုပ်ရှား နိုင်ငံရေးပါတီများ (ကရင်ပြည်သူ့ပါတီ)" ဆောင်းပါးနှင့် "ကရင် ပြည်သူ့ပါတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ-၂၊ အထွေထွေအတွင်းရေးမှူးတို့နှင့် တွေ့ဆုံခြင်း" တို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များ စသည့်ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင်" မြန်မာ့အခြေခံအဆောက်အအုံကဏ္ဍဖွံ့ဖြိုးရေး အိန္ဒိယက ဒေါ်လာ ၁၃၆သန်းကူညီမည်"၊ "မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၌ တရုတ်ကုမ္ပဏီများ လုပ်ကွက်အများဆုံးလုပ်ကိုင်"၊ "အဝေးပြေးလမ်း မိုင် ၇၉၀ကို ပုဂ္ဂလိကကုမ္ပဏီခြောက်ခုက BOTစနစ်ဖြင့် လုပ်ကိုင်မည်"၊ "ပဲမျိုးစုံ အထူးပြုကုမ္ပဏီများ ထူထောင်မည်"၊ "ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၌ အိန္ဒိယကုမ္ပဏီများက ဒေါ်လာတစ်ဘီလီယံနီးပါး ထပ်မံရင်းနှီးမြှုပ်နှံမည်"၊ "အမာမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်သဖြင့် လူနေအိမ်အချို့ ပြိုကျပျက်စီး"၊ "ဆဒုံးမြို့နှင့် မိုင်းယောင်းမြို့တို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် မြေပြိုမှု တံတားပျက်မှုဖြစ်ပွား"စသည့် စိတ်ဝင်စားဖွယ်ရာ သတင်းများပါရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်ပျဉ်းမနားမြို့နယ် အတွင်းရှိဘုန်းတော်ကြီး စာသင်တိုက်များ၊ သီလရှင် စာသင်တိုက် များနှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားတွင် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် ဆရာတော်ထံ သက်နှ်းအစရှိသောလှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃ တိုက်၊ သီလရှင်စာသင်တိုက် သုံးတိုက်နှင့် ဘိုးဘွားရိပ်သာ တစ်ဌာနတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်ရှိ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် တက်ရောက်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် အဘိဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်၊ စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တိုင်းမှူးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးဌာနများ၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကုမ္ပဏီ အဖွဲ့အစည်းအသီးသီး အပါအဝင် စေတနာရှင် အလှူရှင်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကိုလည်းကောင်း၊ ဆွမ်းပဒေသာပင်အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဆရာတော် အဘိဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံမှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၂၀ရက်က ပဲခူးတိုင်း(အရှေ့ပိုင်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် တိုင်းမန်နေဂျာရုံးဝင်း အော်တိုအိတ်ချိန်း မိုက္ကရိုဝေ့ဗ်ဝင်း၊ တိုင်းစာတိုက်နှင့် ကြေးနန်းရုံးဝင်းနှင့် ဘိုတဲကုန်းဆက်သွယ်ရေးဝန်ထမ်းအိမ်ရာများ၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ခြင်ဆေးများဖျန်းကြစဉ်။ (ခရိုင်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၁၀ (တနင်္လာနေ့)
၁၃၇၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၈း၀၀	၆။	သံသာချိုအေးမင်္ဂလာတေး
၈း၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၂၅	၉။	ပြဒါးသေတစ်ဆွေ၀၊ သံသေတစ်ပြည်၀
၈း၃၀	၁၀။	တေးဂီတအစီအစဉ်
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အကပဒေသာ
၄း၂၅	၄။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၅	၅။	ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ်မြောက်ဝတ်ရှုတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၆၊ ဗိုလ်တထောင်အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၅၅	၆။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၁၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၈။	စိမ်းစိုလန်းဆန်းအံ့မခန်းရတနာတန်းဝင်ကျွန်းသစ်ပင်
၅း၃၀	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ပျော်ကြမယ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ--ကိုယ့်ချစ်သူ" (အပိုင်း-၄)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	သွေး(အေဝမ်းစိုးမြင့်အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယပိုင်း)(အပိုင်း-၁၄)**
	၁၉။	"သုခုမရင်ပြင်"
	၂၀။	အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး မြန္နာ သဘာဝသောက်ရေသန့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး မြန္နာ သဘာဝသောက်ရေသန့်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်၌ကျင်းပသည့် မြန္နာသဘာဝသောက်ရေသန့်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စက်ရုံဥပစာရှေ့၌ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များက မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က မြန္နာ သဘာဝသောက်ရေသန့်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန္နာ သဘာဝသောက်ရေသန့်စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ခေတ်မီစက်ကိရိယာများဖြင့် သဘာဝသောက်ရေသန့် ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စက်ရုံခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များအား စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံ၏တည်နေရာနှင့် အကျယ်အဝန်း၊ ခေတ်မီစက်ကိရိယာများဖြင့် သဘာဝသောက်ရေသန့်များကို ကျန်းမာရေးနှင့် ညီညွတ်စွာထုတ်လုပ်ဖြန့်ဖြူးနေမှုဈေးကွက်အတွင်းဖြန့်ဖြူးမှုတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

စက်ရုံမှထုတ်လုပ်သော ရေသန့်အမျိုးအစားမှာ Purified Water အမျိုးအစားဖြစ်၍ ကိုရီးယားနည်းပညာဖြင့် ထုတ်လုပ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန္နာ သဘာဝသောက်ရေသန့်စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၂-၈-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် မွေပူဇာတေး
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ လယ်ယာစီးပွား (ကြက်သွန်ဖြူစိုက်ပျိုးနည်း) တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ မေတ္တာတွက်တာအလှကမ္ဘာ (အစက်အပြောက်ကင်းစွာ လှပစေရာ)
- ၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ (နေကြတ်ခြင်း)
- ၁၁း၄၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
- ၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း)
- ၁၂း၂၀ တေးပဒေသာ
- ၁၂း၃၀ အားကစားသတင်းပဒေသာ
- ၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ ပညာရေးအစီအစဉ် (တတိယတန်း-သမိုင်း) တေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။
- ၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ သောတရှင်လိုရာတေး
- ၅း၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ဗိုက်လှုပ်ကခြင်းအကြောင်း)
- ၅း၁၀ ဇာနည်စစ်သည်တေးပန်းချီ
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၈) ညနေခင်းတေးပဒေသာ
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ တေးချစ်သူရွှေသီတေးပန်းချီ တေးပဒေသာ
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၁၀ ရေဒီယိုဇာတ်လမ်းတွဲများ (ချစ်ခြင်း၏ပဥ္စလက်-ဇာတ်သိမ်းပိုင်း) တေးပဒေသာ
- ၇း၄၀ ပြုံးပဒေသာ(ရယ်ရတယ်နော်+၂) နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
- ၈း၀၀ ပြည်တွင်းသတင်း
- ၈း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (မေတ္တာအတွေးလေးများ)
- ၈း၃၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
- ၉း၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
- ၉း၁၅ ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
- ၉း၅၉ အဖိတ်နေ့နှိုးဆော်ချက်
- ၁၀း၀၀ အစီအစဉ်ပြီး၏။

ပလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လှေလာစို့

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ ထမ်းဆောင်ဝန်တာ သာသနာရေးရာ အဖြာဖြာ
- ၇း၂၅ ၄။ မွေပူဇာတေး
- ၇း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၉။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေး တေးကဗျာ
- ၄း၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၆။ စိုက်ပျိုးသုတ
- ၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၃၀ ၉။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၅)
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၅၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင် သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ Talk Of The Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၁)**
- ၂၄။ Mini Series **(အပိုင်း-၁)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)အခြေခံပညာဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မျက်မှောက်ကာလ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရေး ပညာရေးထွန်းကားမှု အခြေခံကောင်းများနှင့် ပြည့်စုံနေမှသာ မျှော်မှန်းချက်များနှင့်အညီ အကောင်အထည်ပေါ်ထွန်း

နေပြည်တော် ဩဂုတ် ၁

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၃၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်ယူချိန်မှစပြီး အနာဂတ်နိုင်ငံတော်သစ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံကောင်းများ၊ ပတ်ဝန်းကျင်ကောင်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ မိမိတို့ နိုင်ငံတော်ကို နိုင်ငံတကာအဆင့်မီတည်ဆောက်သွားနိုင်မည့် စွမ်းဆောင်ရည်မြင့်မားသော မျိုးဆက်သစ်လူငယ်များ နယ်ပယ်ကဏ္ဍအသီးသီးတွင် ပြည့်ပြည့်စုံစုံရှိနေစေရန်၊ အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍများတွင် အမျိုးသားပညာရည် မြင့်မားရေးနှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း။

အခြေခံပညာကဏ္ဍတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်း ညီမျှစွာရရှိနိုင်စေရေး ဖော်ဆောင်နေသကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍ၌ နိုင်ငံတော်တည်ဆောက်ရေးအတွက် နယ်ပယ်အသီးသီးတွင် လိုအပ်သောအသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်းလာစေရေးရည်မှန်းပြီး ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်သင်ယူနိုင်သည့် အခြေခံကောင်းများ၊ စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးသည်အဓိကကျသည့်ပညာရေး အခြေခံလုပ်ငန်း ဖြစ်သည်နှင့်အညီ အခြေခံပညာကျောင်းများတွင် မူလတန်းကြိုအတန်းများ တိုးချဲ့ဖွင့်လှစ်ပေးပြီး ကျောင်းနေအရွယ်မရောက်သေးသော ကလေးများအား ပြုစုပျိုးထောင်ပေးမှု၊ ပညာသင်နှစ် မစတင်မီ နိုင်ငံနှင့်အဝန်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှုများ၊ ကျောင်းနေမြဲရေးအစီအစဉ်များနှင့် သင်ယူတတ်မြောက်မှု အရည်အသွေးဆန်းစစ်မှု အစီအစဉ်များကို ချမှတ်ဆောင်ရွက် ပေးခဲ့ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေးတာဝန်များကို လက်တွေ့ကျကျ ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားပို့ချမှု အရည်အချင်းမြင့်မားပြီး နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများနှင့်အညီ ကျောင်းသား၊ ကျောင်းသူများကို ခေတ်မီအထောက်အကူပြု ပစ္စည်းများအသုံးချ၍ ကျွမ်းကျင်စွာသင်ကြား ပို့ချပေးနိုင်သည်နှင့်အမျှ အရည်အချင်းရှိသော လူတော်၊ လူကောင်း နိုင်ငံ့သားကောင်း သမီးမွန်များပေါ်ထွန်းလာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ တစ်ဆက်တည်းတွင် နိုင်ငံတော်၏ အမျိုးသားရေးမျှော် မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကာကွယ်စောင့်ရှောက်သွားနိုင်ကြမှာဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစဉ်ပြောင်းလဲဖြစ်ပေါ် တိုးတက်နေသည့် နည်းပညာရပ်များကို အခြေခံပြီး သင်ကြားပို့ချမှုအရည်အသွေးများ မြင့်မားတိုးတက်လာစေရန် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကဆရာ၊ဆရာမများ၏ အရည်အသွေးမြင့်မားတိုးတက်ရေးနှင့် ပတ်သက်ပြီး “ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင်ဘာသာရပ်ဆိုင်ရာများကို ကျွမ်းကျင်တတ်မြောက်အောင် အစဉ်ဆည်းပူးလေ့လာနေကြရန်လိုသကဲ့သို့ မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများကိုလည်း အရေအတွက်မှ အရည်အချင်းကူးပြောင်းပြီး ထူးချွန်ထက်မြက်၍ အရည်အချင်း၊ အရည်အသွေး ပြည့်ဝသူများဖြစ်လာစေရေးအတွက် သင်ကြားပေးသွားရန် လိုကြောင်း၊ ပညာတတ်လူ့အရင်းအမြစ်များ ပေါ်ထွက်လာရေးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း”ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားပညာရေးမြင့်မားရေးလုပ်ငန်းစဉ်များတွင် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင် ဆောင်ရွက်ရေး၊ သင်ကြားသင်ယူ မှုအထောက်အကူပစ္စည်းများကိုထိရောက်စွာ အသုံးပြုသင်ကြားရေးတို့အား စီမံဆောင်ရွက်ပေးထားပြီးဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် စာသင်နှစ်အတွင်း သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများ ကုန်အောင် သင်ကြားရေး၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် တတ်မြောက်အောင် အဆင့်ဆင့်သော တာဝန်ရှိသူများ၏ စစ်ဆေးကြပ်မတ်မှုနှင့်အတူ အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မျက်မှောက်ကာလ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရေးအတွက် အခြေခံပညာ အရည်အသွေးမြင့်မားခိုင်ခံ့မှု၊ ကျေးလက်ဒေသများအထိ ပညာရေးထွန်းကားမှု အခြေခံကောင်းများနှင့် ပြည့်စုံနေမှသာ မျှော်မှန်းချက်များနှင့်အညီ အဆင့်ဆင့် တက်လှမ်း အကောင်အထည်ပေါ်ထွန်းလာမှာဖြစ်ကြောင်း။

ယခုကဲ့သို့ ရည်မှန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဆိုင်ရာ အခြေခံကောင်းများ၊ အခွင့်အလမ်းကောင်းများကို တစ်နိုင်ငံလုံး ကွက်ပြည့် တည်ဆောက် ဖန်တီးပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများအထိ ဖြန့်ကြက် တာဝန်ထမ်းဆောင်နေကြသည့် အခြေခံပညာဆရာ၊ ဆရာမများ၏ ပညာရေးတာဝန်ကျေပွန်မှု၊ ရရှိဖြစ်ထွန်းနေသည့် ပညာရေးအခြေခံကောင်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်စွမ်းရှိမှု၊ စိတ်ဓာတ်နှင့် အရည်အသွေးမြင့်မားမှု၊ နိုင်ငံနှင့်လူမျိုးအပေါ်၊ မိမိ၏ပတ်ဝန်းကျင်အပေါ်၊ မိမိတို့တပည့် ကျောင်းသားကျောင်းသူအပေါ် စိတ် စေတနာကောင်းထားရှိမှုတို့သည် ယနေ့နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် လွန်စွာပင်အရေးပါကြောင်း။

နဂိုမူလ ရိုးသားဖြူစင်ပြီးဖြစ်သည့် လူငယ်လူရွယ်များ၏ စိတ်ဓာတ်ရေးရာ အခြေခံကောင်းများကို ကြံ့ခိုင်မှု၊ ဖွံ့လုံ့လ ဝီရိယရှိမှု၊ သစ္စာရှိမှု စသည့်မွန်မြတ်သော အရည်အသွေးကောင်းများ ပြည့်စုံစေရေး တည်ဆောက်ပေးကြရမည်ဖြစ်သကဲ့သို့ တစ်ဆက်တည်းတွင် စည်းကမ်းလိုက်နာ စောင့်ထိန်းမှု အလေ့အထကောင်းများ နှင့် ပေါင်းစည်းပေးခြင်းဖြင့် ကိုယ်ရည် ကိုယ်သွေးမြင့်မားသည့် နိုင်ငံ့သားကောင်း သမီးမွန်များအဖြစ် ပေါ်ထွန်းလာနိုင်မည် ဖြစ်ကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အဆက်တွင် ထိန်းသိမ်းလာခဲ့သည့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဘာသာရေးအဆုံးအမများ၊ လူမှုရေးနီတိများ ကို အခြေခံပြီး တစ်ဦးချင်း စည်းကမ်း လိုက်နာမှုမှတစ်ဆင့် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း ၊ နိုင်ငံတော်၏ တရား ဥပဒေများကို လေးစားလိုက်နာမှု အလေ့ အကျင့်ကောင်း များကို လူငယ်များအတွင်း တည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသား စံပြဆုရ ကသအမှတ် E-၁၂၈ ဦးဇော်လင်း အလယ်တန်းပြဆရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ညောင်ပင်ရွာ မိုးညှင်းမြို့နယ် ကချင်ပြည်နယ်နှင့် သင်တန်းသူ စံပြဆုရ ကသအမှတ်B-၇၉ ဒေါ်ယုယုဇော် အလယ်တန်းပြဆရာမ အမှတ်(၇) အခြေခံပညာမူလတန်းလွန်ကျောင်း ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းတို့အားလည်းကောင်း၊ ဖွံ့လုံ့လဆုရရှိကြသော ကသအမှတ် E-၇၈ ဦးအောင်မြင့် အထက်တန်းပြဆရာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်၊ ကသအမှတ် D-၁၁၁ ဒေါ်ညိုညိုသိန်း အထက်တန်းပြ ဆရာမ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (လားရှိုးမြို့) ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကသအမှတ် D-၂၄၃ ဒေါ်လှလှနု အထက်တန်းပြဆရာမ အခြေခံပညာအထက်တန်းကျောင်း နန်းမားရွာ မိုးညှင်းမြို့နယ် ကချင်ပြည်နယ်တို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသား အမျိုးသားတပ်ခွဲ(၁) အဆောင်(၅)နှင့် သင်တန်းသူ အမျိုးသမီးတပ်ခွဲ(၂)၊ အဆောင်(၅)တို့မှ တပ်ခွဲခေါင်းဆောင်များအား လည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် ခေါင်းဆောင်များအား လည်းကောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ ၁၃၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

အထက(၁)ကြည့်မြင်တိုင် ဗိဘာဆရာအသင်းနှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဩဂုတ် ၁

အထက(၁)ကြည့်မြင်တိုင်၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ် လည်အစည်းအဝေးကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက မြဝတ်ရည်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်ချက်ပိုမိုမြင့်မားရေးအတွက် ဆောင်ရွက်မည့် ကဏ္ဍများကို တင်ပြဆွေးနွေးသည်။

ထို့နောက်မိဘဆရာအသင်းအမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မျှော်မှန်းရည်မှန်းချက်ထက် ပိုမိုမြင့်မားအောင် သင်ကြားပေးခဲ့သော ဆရာမများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဆင့်က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)(၅၄၆)**

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်း ဦးဆောင်ကြီးကြပ်ပြီး မြို့ပေါ်ရှိ ကျောင်း၊ ဆေးရုံ၊ ဈေးများသို့သွားရောက်ကာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဩဂုတ်လတစ်လလုံး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ သတ်မှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ ပိုမိုမြင့်မားလာမည်

နေပြည်တော် ဩဂုတ် ၁

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၁၀ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မိခင်နို့တိုက်ကျွေးရေး အသိအမှတ်ပြု ဆုရရှိသည့် ဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် အမျိုးသားရေးအသွင်ဖြင့် ပြည်သူလူထုအတွင်း နှစ်စဉ်ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဩဂုတ်လ ပထမပတ်မှ စတုတ္ထပတ်အထိ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်(World Breastfeeding Week)လှုပ်ရှားမှုကို ဩဂုတ်လ ပထမပတ်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၁၀ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုများမှာ (၁၉)ကြိမ်မြောက် လှုပ်ရှားမှုဖြစ်ပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တ ပတ်လှုပ်ရှားမှုများအနေဖြင့် (၈)ကြိမ်မြောက် ဖြစ်ကြောင်း၊ ယနေ့မှစ၍ ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များအားလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

"အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ" ပြုလုပ်ရခြင်း၏ ယေဘုယျရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်ဖြစ်ပြီး ဝိသေသရည်မှန်းချက်များအနေနှင့် အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားနေသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းထားရန်၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက်ကလေးများ၊ မူလတန်းကျောင်းသား အရွယ်ကလေးများနှင့် ကိုယ်ဝန်သုံးလအထက် အမျိုးသမီးများအား သန်ချဆေးတိုက်ကျွေးခြင်း လွှမ်းခြုံမှုမြင့်မားလာစေရန်၊ အမျိုးသမီးများ သံဓာတ်ဆေးပြားသောက်သုံးခြင်း၏ အကျိုးကျေးဇူးကို ပိုမိုနားလည်သဘောပေါက်လာစေရန်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များ ဗီတာမင်ဘီ-ဝမ်းချို့တဲ့မှုကို သိရှိနားလည်ပြီး ဗီတာမင် ဘီ-ဝမ်းဆေးပြားများကို သောက်သုံးကြစေရန်၊ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှု အရှိန်အဟုန်ကို မြှင့်တင်ရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ ထွန်းကားလာစေရန်တို့ ဖြစ်ကြောင်း။

ယခုနှစ်ဆောင်ရွက်မည့် အာဟာရဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုများမှာ ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့သည့်ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်များအနေဖြင့် သတ်မှတ်ပြီး တစ်နိုင်ငံလုံး ဆောင်ရွက်မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဩဂုတ်လတစ်လလုံး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ သတ်မှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းဖြင့် ကလေးငယ်များတွင် ဖြစ်ပွားတတ်သည့် အာဟာရမပြည့်ဝခြင်း၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်း စသည့်ပြဿနာများကို လျော့နည်းကျဆင်းစေနိုင်မည်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးသူငယ်များ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့လည်း ပိုမိုထွန်းကားလာမည်ဖြစ်ကြောင်း။



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၁၀ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အင်အားပြည့် ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ သန်ကောင်ရောဂါကာကွယ်ရေးအတွက် သန်ချဆေး မှန်မှန်သောက်သုံးစေခြင်းတို့ဖြင့် ကလေးများ ခန္ဓာကိုယ်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်စွာ စာပေသင်ကြားနိုင်စေမည့်အပြင် အခြားရောဂါများ ဝင်ရောက်မှုကိုလည်း ကြံ့ကြံ့ခံနိုင်စေမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသည့် အိုင်အိုဒင်းဆားထုတ်လုပ်စားသုံးမှု တိုးတက်လာသည်နှင့်အမျှ အိုင်အိုဒင်းချို့တဲ့ရောဂါများ မြန်မာ့မြေမှ ပပျောက်သွားစေမည်ဖြစ်ကြောင်း၊ ဤသို့ဖြစ်စေရန် အာဟာရပညာပေးလုပ်ငန်းများ ပြည်သူလူထုအတွင်း ပိုမိုကျယ်ပြန့်စွာ ရောက်ရှိစေပြီး ပြည်သူများကိုယ်တိုင် လိုက်နာကျင့်သုံးတတ်စေရန် အလေးပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အစဉ်အလာမပျက် ကျင်းပခဲ့သည့် မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်များအား အသိအမှတ် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကိုလည်း ယနေ့တွင် တစ်ပါတည်းကျင်းပမည်ဖြစ်ပါကြောင်း၊ ၁၉၉၃ ခုနှစ်က စတင်ပြီး အကောင်အထည်ဖော်ခဲ့သည့် မိခင်နို့ စနစ်တကျတိုက်ကျွေးရေး စီမံချက်လုပ်ငန်းအရ မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံများ(Baby Friendly Hospital Initiative)အဖြစ် ဆေးရုံပေါင်း ၅၀၄ ရုံကို အသိအမှတ်ပြုနိုင်ခဲ့ပြီး မိခင်နို့ စနစ်တကျတိုက်ကျွေးသော မြို့နယ်များ (အိမ်တွင်မွေးဖွားခြင်း) (Baby Friendly Home Delivery)အဖြစ် မြို့နယ်ပေါင်း ၁၇၈ မြို့နယ်ကို အသိအမှတ်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း။

နှစ်စဉ်နှစ်တိုင်း ရည်မှန်းဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ်တစ်ခု ရွေးချယ်ပြီး ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်ကို ကျင်းပလေ့ရှိရာတွင် ယခုဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ်မှာ BREASTFEEDING: Just 10 steps. Baby Friendly Way ဖြစ်ပါကြောင်း၊ မြန်မာလို "မိခင်ကလေးကျန်းမာဖို့ အဆင့်(၁၀)ဆင့်လိုက်နာလို့ မိခင်နို့ရည်တိုက်ကြစို့"ဟု ပြန်ဆို သတ်မှတ်ထားကြောင်း။

ဤလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများချည်း သက်သက်ဖြင့် ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်ရန် အခက်အခဲများရှိနိုင်သည့်အတွက် ယနေ့ကြွရောက်လာသည့် ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် နီးနွယ်သည့် ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကပါဝိုင်းဝန်းပြီး လက်တွဲညီညီဆောင်ရွက်ရန် အထူးပြောကြားလိုကြောင်း။

ရင်သွေးငယ်များ အာဟာရချို့တဲ့မှုကြောင့် အသက်မဆုံးရှုံးရေးနှင့် အာဟာရပြည့်ဝရေးတို့အပြင် ရင်သွေးငယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်ပေးနိုင်သည့် စရိတ်ကျဉ်းသည့် မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်း၊ ကလေးငယ်များအား စနစ်တကျ အစာကျွေးခြင်းသည် အနာဂတ်အမိမြန်မာနိုင်ငံတော်အတွက် ကျန်းမာကြံ့ခိုင်သည့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့်၊ သားကောင်းသမီးကောင်း ရတနာများ ပေါ်ထွန်းလာအောင် ဆောင်ရွက်ပေးမည့် ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းများဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က ၂၀၁၀ခုနှစ် မိခင်နို့တိုက်ကျွေးရေး အသိအမှတ်ပြု ဆုရရှိသည့် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံ၊ မန္တလေးတိုင်း မြင်းခြံမြို့နယ် ထနောင်းတိုင် တိုက်နယ်ဆေးရုံနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဘန်းယဉ်တိုက်နယ်ဆေးရုံတို့အတွက် ဆုများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha တို့က ၂၀၁၀ခုနှစ် မိခင်နို့တိုက်ကျွေးရေး အသိအမှတ်ပြု ဆုရရှိကြသည့် ဆေးရုံများအတွက် ဆုများကို တာဝန်ရှိသူများထံ ပေးအပ်ကြပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

အခမ်းအနားရပ်နားချိန်တွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဝန်ကြီးရုံး မြေညီထပ်၌ အသက်(၆)လမှ (၅)နှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကြပြီး ကစားစရာလက်ဆောင်များကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ၂၀၁၀ခုနှစ် မိခင်နို့တိုက်ကျွေးရေး အသိအမှတ်ပြု ဆုရရှိကြသည့် ဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးတင့်ဆွေ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း မိုင်တိုင်အမှတ်(၂၂/၃)အနီးရှိ လမ်းစခန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာချုပ်၊ အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ခံအင်ဂျင်နီယာများက လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မိုင်တိုင်အမှတ် (၂၂/၀)၌ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ တာဝန်ယူ တည်ဆောက်နေသော ငမိုးရိပ် ရေလွှဲမြောင်းတံတား တံတားတိုင်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ်(၂၃)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စားပွဲတင်တင်းနစ် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဆွေဆွေဟန် (ရန်ကုန်တိုင်း)က စုစုခင် (ရန်ကုန်တိုင်း)ကို လေးပွဲ - နှစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် လှမျိုးခိုင်နှင့် ကျော်မြင့်ခိုင် (ရန်ကုန်တိုင်း)က သက်ကိုကိုလတ်နှင့် ဝင်းညီအောင်(မွန်ပြည်နယ်)အတွဲကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဆွေဆွေဟန်နှင့် စုစုခင် (ရန်ကုန်တိုင်း)က လှလှဝင်းနှင့် ခင်နွဲ့စန်း (ရန်ကုန်တိုင်း)အတွဲကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကျော်မြင့်ခိုင်နှင့် လှလှဝင်း(ရန်ကုန်တိုင်း)အတွဲက လှမျိုးခိုင်နှင့် မဆွေဆွေဟန်(ရန်ကုန်တိုင်း) အတွဲကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

ဩဂုတ်၂ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် (၂၃) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ ကြည့်ရှုအားပေးကြစဉ်။

(စားပွဲတင်တင်းနစ်အဖွဲ့ချုပ်)

ကမ္ဘာ့လူတုပ်ကွေး၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါ ပပျောက်ရေး ကချင်ပြည်နယ်၌ ကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ဥက္ကဋ္ဌ)ရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီမံကြီးကြပ်၍ မြစ်ကြီးနားခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ဥက္ကဋ္ဌ)ရုံးနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးတွဲကျင်းပသည့် ကမ္ဘာ့လူတုပ်ကွေး၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေး ပညာပေး စာပေဟောပြောဆွေးနွေးပွဲများကို မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင် လေးခရိုင်အတွင်းရှိ ၂၆ မြို့နယ်တို့တွင် အောင်မြင်စွာ ကျင်းပခဲ့ကြောင်းသိရသည်။ (ခရိုင်ထွေ/အုပ်ဦးစီး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ဂါရဝပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဇူလိုင် ၂၆ ရက် ညပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီးတို့က သံအမတ်ကြီးနေအိမ်၌ ဂါရဝပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ည ၈ နာရီ ၄၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမှ ဆရာဝန်ကြီးများနှင့် နယူးဒေလီမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများသည် သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ဆရာဝန်ကြီးများ၊ ပညာတော်သင် သင်တန်းသားများအား နေအိမ်ခန်းမဆောင်၌ တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နိုင်ငံတော်အကြီးအကဲ ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ရသည့် ရည်ရွယ်ချက်၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ သံတမန်ဝန်ထမ်းများအနေဖြင့် ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မြဲရေးအတွက် အလေးထားဆောင်ရွက်ကြရေး၊ ပြည်ပသို့ ရောက်ရှိနေကြသည့် မိမိနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအတွက် နိုင်ငံတော်မှ ချီးမြှင့်ငွေများကို သံအမတ်ကြီး၊ စစ်သံမှူးနှင့် သင်တန်းသားကိုယ်စားလှယ်တစ်ဦးတို့အား ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဂါရဝပြု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက သံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဩဝါဒစကား ပြောကြားသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး နေအိမ်၌ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမှ ဆရာဝန်ကြီးများနှင့် နယူးဒေလီမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများ၊ ဆရာဝန်ကြီးများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်နေမှု

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ စုပေါင်းလျှပ်စစ်အင်ဂျင်နီယာရုံးအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများ၏ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနား၌ တာဝန်ရှိသူတစ်ဦး၏ ဟောပြောနေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ အမှတ်(၂)ရပ်ကွက် ဒေသခံပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ကျိုင်းတုံမြို့ နည်းပညာ တက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှတ်တရသစ်ပင်စိုက်ပျိုးပေးကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းခန်းမ၌ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် နယူးဒေလီမြို့ရှိ Akshardham Temple ကို သွားရောက်ကြည့်ရှု

နေပြည်တော် ဩဂုတ် ၁

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇူလိုင် ၂၇ရက် နံနက်၁၁နာရီတွင် နယူးဒေလီမြို့ရှိ Akshardham Temple ကို သွားရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် Akshardham Temple သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဘုရားကျောင်း၏ သမိုင်းကြောင်းနှင့် တည်ဆောက်ထားသော အနုပညာလက်ရာများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များအား ဘုရားကျောင်းမှ တာဝန်ရှိသူများက ယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ထပ်မံကြိုဆိုကြပြီးနောက် ဘုရားကျောင်းတော်အတွင်းသို့ ဖိတ်ခေါ်ပြသကြသည်။

ယင်းနောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနှင့် ဟိန္ဒူဘာသာရေး၏ အမွေအနှစ်ဖြစ်သော ကျောက်သားပေါ်တွင် ရုပ်လုံးဖော်တည်ဆောက်ထားသည့် အနုပညာလက်ရာများ၊ ပန်းချီကားများနှင့် ရုပ်တုများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး၏ ဇနီး ဒေါ်ကြိုင်ကြိုင်က ဘုရားကျောင်းအတွက် အလှူငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။ (သတင်းစဉ်)

အလှူငွေများ ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် နယူးဒေလီမြို့ရှိ Akshardham Temple အတွက် အလှူငွေများကို ပေးအပ်စဉ်။
(သတင်းစဉ်)

○ **ကျောဖုံးမှ**

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ည ၈နာရီတွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံမည့် Hyderabad မြို့ရှိ Raj Bhavan သို့ ရောက်ရှိကြရာ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.E.S.L Narasimlam နှင့် ဇနီးတို့က လှိုက်လှဲခင်မင်စွာ ကြိုဆို၍ ဧည့်ခန်းဆောင်၌ နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က Jubilee Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

Myanmar Info-Tech ၏ ကွန်ပျူတာအဆောက်အအုံများ Phase III ပန္နက်တင် မင်္ဂလာအခမ်းအနားနှင့် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech အဆောက်အအုံဝင်းအတွင်း၌ ကျင်းပသည့် Myanmar Info-Tech ၏ ကွန်ပျူတာအဆောက်အအုံများ Phase III ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် နဝရတ်ကိုးပါးရတနာ အုတ်မြစ်စီမင်္ဂလာအခမ်းအနား၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့၏ နှစ်ပတ်လည်အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်သည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ Myanmar Info-Tech ၏ ကွန်ပျူတာ အဆောက်အအုံများ Phase III ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် နဝရတ်ကိုးပါး ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် ရတနာ အုတ်များကို ထည့်သွင်းပေးကြစဉ်။
(သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့်ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားကို သတ်မှတ်နေရာ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အုတ်မြစ်တော်အလယ်ဗဟို၌ ပန္နက်တင်ပေးပြီး နဝရတ်ကိုးပါးရတနာငွေကြုတ်ကို ထည့်သွင်းမြှုပ်နှံပေးသည်။

ယင်းနောက်ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နေ့နံအလိုက် ရတနာအုတ်များကို သတ်မှတ်နေရာအသီးသီး၌ ထည့်သွင်းပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အုတ်မြစ်တော်ပေါ်၌ ကမ္ဗည်းမော်ကွန်းကျောက်ပြားကို ဖုံးအုပ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းများ၏ နှစ်ပတ်လည် အခမ်းအနားကို အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်များ၏ ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တက္ကသိုလ်ရေကူးကန်၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပထမဆုရရှိသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ရေကူးအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေကို ပေးအပ်ပြီး တာဝန်ရှိသူများက ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသော အသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်များ၏ ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရရှိသော ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ရေကူးအသင်းအား ဆုဖလားချီးမြှင့်စဉ်။
(သတင်းစဉ်)

မြတ်ပညာငွေစုငွေချေးသမဝါယမအသင်း လီမိတက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၁၈ရက်တွင် မုဒုံမြို့နယ် စာစင် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ထို့နောက် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်းလီမိတက် အတွင်းရေးမှူး စာစင်အခြေခံပညာမူလတန်းကျောင်းအုပ်ကြီး ဦးမင်းသောင်းဟန်က အမှာစကားပြောကြားပြီးမြို့နယ်သမဝါယမဦးစီးအရာရှိ ဦးငွေသိန်းက သမဝါယမငွေစုငွေချေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အမြတ်ခွဲမှုနှင့် ငွေစာရင်းရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်သွင်းကြပြီး အသင်းဝင် ၄၄၀တို့အား စုဆောင်းငွေအပေါ် အမြတ်ငွေများကို ခွဲဝေပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဆေးဝါးထုတ်လုပ်ရေးစက်ရုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား Hyderabad မြို့ရှိ Bharat Biotech International Ltd. ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၌ တာဝန်ရှိသူများက ဆေးဝါးများထုတ်လုပ်နေမှုနှင့် ပညာရှင်များဖြင့် ဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး သိရှိလိုသည်များကို မေးမြန်း၍ အကြံပြုဆွေးနွေးသည်။

ယင်းနောက် Dr. Krishna M. Ella က ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဂါရဝပြု လက်ဆောင်ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် Hi-Tech City ရှိ Cyber Towers သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ Software Technology Parks of India, Ministry of Communication & Information မှ Director ဖြစ်သူ Mr. P. Venugopal က အိန္ဒိယသမ္မတနိုင်ငံ အစိုးရ၏ IT နည်းပညာ ဖွံ့ဖြိုးရေး ရည်ရွယ်ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနေမှု၊ ရင်းနှီးမြှုပ်နှံမှု၊ အနာဂတ်အစီအစဉ်များ၊ Hyderabad မြို့ရှိ IT ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မေးမြန်းဆွေးနွေး

ဆက်လက်၍ L & T Infocity Limited မှ Marketing Manager, Mr. Vishal Rasrogi က Hyderabad မြို့ရှိ Hi-Tech City ၏ အဓိက စီမံကိန်းလုပ်ငန်းများ၊ ဈေးကွက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် IT ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဦးသိန်းဇော်နှင့် ဝန်ကြီး ဦးသောင်းတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှင်းလင်းဆွေးနွေးသူများကို အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယ
အဖွဲ့ဝင်များအား Hi-Tech City ရှိ
Parks of India, Ministry of Com
ရှင်းလင်းတင်ပြစဉ်။

ကိုလ်ကတ္တားသို့ ရောက်ရှိ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဌာနမှ တာဝန်ခံတို့ လိုက်ပါလျက် ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အိန္ဒိယလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် Hyderabad မြို့မှ ထွက်ခွာခဲ့ပြီး ကိုလ်ကတ္တားမြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ကိုလ်ကတ္တားမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိန်ဦးနှင့်ဇနီး၊ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများ၊ အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အစိုးရအဖွဲ့မှ အထွေထွေအတွင်းရေးမှူး Mr. Singh၊ ပြည်နယ်တရားသူကြီးချုပ် Mr. Kumar၊ ပြည်နယ် Police Commisioner Mr. Mukherjee နှင့် တာဝန်ရှိသူများက ကိုလ်ကတ္တားမြို့ Netaji Subhas Chandra Bose International Air Port မှ ကြိုဆိုနှုတ်ဆက်ကြသည်။

Jamshedpur မြို့

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ကိုလ်ကတ္တားမြို့ လေဆိပ်မှ Jharkhand ပြည်နယ် Jamshedpur မြို့ရှိ Sonari လေဆိပ်သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

TATA Motors Ltd.

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား Sonari လေဆိပ်မှ Jharkhand ပြည်နယ် West-Singhbhum District Commissioner, Mrs. Shila Kiskoo Rapaj, East-Singhbhum District Deputy Commissioner, Mrs. Himani Pandey နှင့် TA TA Motors Ltd. မှ Project Manager, Mr. Manas Mishra တို့က ကြိုဆိုကြသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ TA TA Motors Ltd.သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား TA TA Motors Ltd.၏ JSR Plant မှ အကြီးအကဲ Mr. S. B Borwankar နှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး ကုမ္ပဏီ၏ မော်တော်ယာဉ်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီရှိ Training Centre တွင် သင်တန်းပို့ချနေမှု အခြေအနေ၊ ကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံ (Truck Factory)တွင် ၂၁ တန်၊ ၂၅ တန်၊ ၃၁ တန် Heavy Truck များနှင့် TA TA Nano ဆလွန်းကားငယ်များ တပ်ဆင်ထုတ်လုပ်နေမှုနှင့် အင်ဂျင်အစိတ်အပိုင်းများ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ TA TA Motors Ltd. ၏ ကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

TA TA Motors Ltd. မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

sioner, Mrs. Shila Kiskoo Rapaj, East-Singhbhum District Deputy Commissioner, Mrs. Himani Pandey နှင့် TA TA Motors Ltd. မှ Project Manager, Mr. Manas Mishra တို့က ကြိုဆိုကြသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ TA TA Motors Ltd.သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား TA TA Motors Ltd.၏ JSR Plant မှ အကြီးအကဲ Mr. S. B Borwankar နှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး ကုမ္ပဏီ၏ မော်တော်ယာဉ်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီရှိ Training Centre တွင် သင်တန်းပို့ချနေမှု အခြေအနေ၊ ကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံ (Truck Factory)တွင် ၂၀ တန်၊ ၂၅ တန်၊ ၃၁ တန် Heavy Truck များနှင့် TA TA Nano ဆလွန်းကားငယ်များ တပ်ဆင်ထုတ်လုပ်နေမှုနှင့် အင်ဂျင်အစိတ်အပိုင်းများ ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကိုလ်ကတ္တားမြို့ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၄ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ အနောက်ဘင်္ဂလားပြည်နယ် အစိုးရအဖွဲ့မှ အထွေထွေအတွင်းရေးမှူး Mr. Singh နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရှေရှာဒရီနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး နေဝင်းနှင့် ဇနီး၊ ကောင်စစ်ဝန်ချုပ် ဦးစိန်ဦးနှင့် ဇနီး၊ သံရုံးဝန်ထမ်းများ၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများနှင့် မိသားစုများက ကိုလ်ကတ္တားမြို့ Netaji Subhas Chandra Bose International Air Port တွင် ဂါရဝပြု ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာ လေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ TA TA Motors Ltd. ၏ ကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား Hi-Tech City ရှိ Cyber Towers အစည်းအဝေးခန်းမ၌ Software Technology Parks of India, Ministry of Communication & Information မှ Director Mr.P.Venugopal က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

TA TA Motors Ltd. မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ပဌာန်းဒေသနာတော်(သို့)ဘ၀၏ စွမ်းရည်သတ္တိ"တရားတော်(၂) (ဆရာတော် အရှင်ဇောတိက)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၅)**
- ၈း၃၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ(အပိုင်း-၁)
- ၉း၀၅ စေတနာအစွမ်းဖြင့် လင်းကြစေသော်ဝ်
- ၉း၂၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၁/၂၀၁၀
- ၉း၃၅ Global Panorama
- ၁၀း၄၀ Activities In The City (Moe Z ၏ ဒီနေ့နှင့် မနက်ဖြန် တေးစီးရီးမိတ်ဆက်ပွဲ)
- ၁၀း၅၅ ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
- ၁၁း၁၀ International Show Biz
- ၁၁း၂၅ SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
- ၁၁း၅၀ စာအုပ်ပြခန်း [မြန်မာ့ကြေးခေတ်ယဉ်ကျေးမှု သုတေသနခရီးစာအုပ်ကို ရေးသားသူ ဆရာဦးစန်းဝင်း (ရှေးဟောင်းသုတေသန)နှင့် တွေ့ဆုံခြင်း]
- ၁၂း၁၀ Rainforest Horneland (အပိုင်း-၁)
- ၁၂း၄၀ ငြိမ်းချမ်းမြေမှရတနာလာဘမုနိ ဆုတောင်းပြည့်မြေဘုရား
- ၁း၀၀ "ပဌာန်းဒေသနာတော်(သို့)ဘ၀၏ စွမ်းရည်သတ္တိ"တရားတော်(၂) (ဆရာတော် အရှင်ဇောတိက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ The Champion of Dance
- ၃း၁၅ ကောင်းကင်ယံကအန္တရာယ်
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၅)**
- ၄း၀၅ ဂီတသံစဉ်အလှဆင် (ဟေမာနေဝင်း)
- ၄း၂၅ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၁/၂၀၁၀
- ၄း၄၀ ရန်ကုန်မြင်ကွင်းကျယ် "ရိုးရှင်းလွယ်ကူစွာနဲ့ ကမ္ဘာ့ဖလားကို ရင်ခုန်ကြပါစို့" ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား
- ၄း၅၅ စေတနာအစွမ်းဖြင့် လင်းကြစေသော်ဝ်
- ၅း၁၅ Celebrity Choice (ရတနာမိုင်)
- ၅း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Tiger Girls)
- ၆း၄၀ အနုပညာမိုးကောင်းကင်
- ၇း၀၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ(အပိုင်း-၂)
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် "ရိုးရှင်းလွယ်ကူစွာနဲ့ ကမ္ဘာ့ဖလားကို ရင်ခုန်ကြပါစို့" ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ The Champion of Dance
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၅)**
- ၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၂၅ Activities In The City (Moe Z ၏ ဒီနေ့နှင့် မနက်ဖြန် တေးစီးရီးမိတ်ဆက်ပွဲ)
- ၁၀း၄၀ Sport World
- ၁၁း၀၅ Celebrity Choice (ရတနာမိုင်)
- ၁၁း၃၀ "ရွှေဖြူ"ဟုခေါ်သည်(အပိုင်း-၂)
- ၁၁း၅၀ ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင် (စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၁း၅၅ ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
- ၁၂း၀၅ ကဗ္ဘာ့စုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဇနီး၏ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင်

အဖွဲ့ဝင်အဖြစ်လိုက်ပါကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ သက်ဆိုင်ရာလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဇနီး၏ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့ကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများသည် ခရီးစဉ်အတွင်း မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့သည် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြား ရေးမှူး ဦးညီဖြူလှ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီတွင် နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကုန်သည်ကြီးများ နှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ယင်းအသင်းချုပ်ဥက္ကဋ္ဌ မစ္စတာ ရာဂျန် ဘာရ်တီမစ်တာလ်၊ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ဌာန တွဲဖက်အတွင်းဝန် မစ္စတာ ဆူမန် ကာချောင်ဒရီ၊ အသင်းချုပ် လက်ထောက် အထွေထွေအတွင်းရေးမှူး ဒေါက်တာ မန်ဂျူး ပရာကတ်ရှ်တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး ကြသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ဝန်ကြီးများနှင့် အဖွဲ့ဝင် များသည် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်း ရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာနိုင်ငံ ကုန်သည် လုပ်ငန်းရှင်များအဖွဲ့နှင့်အတူ ယင်း အသင်းချုပ်ရုံး၌ ကျင်းပသည့် မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး အိန္ဒိယ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်း ရှင်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေး၊ အိန္ဒိယနိုင်ငံမှ စီးပွားရေးနှင့် စက်မှုလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးစီမံကိန်း အတွက် အိန္ဒိယအစိုးရ၏ ချေးငွေ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြား ရေးမှူး ဦးညီဖြူလှနှင့် အိန္ဒိယနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် ဥက္ကဋ္ဌနှင့် ဦးဆောင် ညွှန်ကြားရေးမှူး မစ္စတာ တီ၊ စီ၊ အေ၊ ရာဂါနာသန်တို့က လက်မှတ်ရေးထိုးခဲ့ကြ သည်။

ဆက်သွယ်ရေးကဏ္ဍ

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါ လာသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် သည် ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီတွင် နယူးဒေလီမြို့ရှိ ITC Maurya Hotel ၌ Vihann Network Limited India မှ ဥက္ကဋ္ဌ Mr. Rajiv Mehrotra နှင့် ဒုတိယဥက္ကဋ္ဌ (Marketing) Mr. NK Mohapatra တို့ကို လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် Telecommunication Consultants India Limited မှ ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှု ဒါရိုက်တာ Mr. Rakesh K Upadhyay နှင့် အထွေထွေမန်နေဂျာ Mr. Nirmal Kumat Jain တို့ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် Bhati Air Tel Limited မှ အမှုဆောင်အရာရှိ ချုပ် Mr. Sanjay Kapoor နှင့် ညွှန်ကြားရေးမှူး Mr.Narender Gupta တို့ကိုလည်းကောင်း အသီးသီးလက်ခံ တွေ့ဆုံ၍ ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေး ခဲ့သည်။

စက်မှုကဏ္ဍ

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာ ကြသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နယူးဒေလီမြို့ရှိ ITC Maurya Hotel ၌ Hindustan Machine Tools International အဖွဲ့ နှင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် TA TA Motor Ltd. မှ တာဝန်ရှိသူများ နှင့်လည်းကောင်း တွေ့ဆုံ၍ စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာနိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအဖွဲ့နှင့် အိန္ဒိယကုန်သည်ကြီးများနှင့် စက်မှု လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် နယူးဒေလီမြို့ရှိ ITC Maurya Hotel ၌ Vihann Network Limited India မှ ဥက္ကဋ္ဌ Mr. Rajiv Mehrotra နှင့် ဒုတိယဥက္ကဋ္ဌ (Marketing) Mr. NK Mohapatra တို့အား တွေ့ဆုံ၍ ဆက်သွယ်ရေး ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ရပ်များကို ဆွေးနွေးစဉ်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးစီမံကိန်းအတွက် အိန္ဒိယအစိုးရ၏ ချေးငွေသဘောတူညီချက် လက်မှတ်ရေးထိုးပွဲတွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် အိန္ဒိယနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် ဥက္ကဋ္ဌနှင့် ဦးဆောင် ညွှန်ကြားရေးမှူး မစ္စတာတီ၊ စီ၊ အေ၊ ရာဂါနာသန်တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ အာရှ-ပစိဖိတ် ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် ကော်ပိုရိတ်ငွေချေးစာချုပ် ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် Royalton Hotel Crown Hall ၌ ကျင်းပရာ အာရှနှင့် ပစိဖိတ်ဒေသတို့၏ ကော်ပိုရိတ် ငွေချေးစာချုပ် ဈေးကွက်အခြေအနေများ၊ ကော်ပိုရိတ် ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ဇူလိုင် ၂၇ ရက်တွင် ကော်ပိုရိတ် ငွေချေးစာချုပ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် စည်းမျဉ်းဆိုင်ရာ မူဘောင် များ၊ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် ကော်ပိုရိတ် ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများ၌ ချမှတ်ကျင့်သုံးလျက်ရှိသော စနစ်များနှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ အတွက် ငွေချေးစာချုပ်ဈေးကွက်မှ တစ်ဆင့် ငွေဖြည့်ဆည်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်ရေး

ဒုတိယဝန်ကြီးအား ရှန်ဟိုင်းမြို့ရှိ O.C.B.C Bank ဒုတိယဥက္ကဋ္ဌ Mr. Ren Zhi Shui နှင့်အဖွဲ့သည် ဇူလိုင် ၂၅ ရက်တွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံမှ နိုင်ငံပိုင်ဘဏ်များနှင့် O.C.B.C Bank တို့ ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေး ခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၇ ရက် တွင် အာရှ-ပစိဖိတ် ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် Mr. Li Kouqing ၏ ဖိတ်ကြားချက်အရ Shanghai National Accounting Institute ဝင်း အတွင်းရှိ အာရှ-ပစိဖိတ် ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာန အဆောက် အအုံသို့ လည်းကောင်း၊ ဇူလိုင် ၂၉ ရက် တွင် ရှန်ဟိုင်းမြို့ ကမ္ဘာ့ကုန်စည် ပြပွဲသို့ လည်းကောင်း သွားရောက်လေ့လာခဲ့ သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၃၀ ရက် ညနေပိုင်းတွင် လေကြောင်း ခရီးဖြင့် ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ပတ်အတွင်း နိုင်ငံတကာသတင်းရှုခင်း

ဟားမားစ်ဒုံးကျည်တစ်စင်းအတွက် အစ္စရေးစစ်လေယာဉ်နှစ်စင်းရဲ့ တုံ့ပြန်မှုနှင့် ဗုံးပဒေသာများပိတ်ပင်ရေးအတွက် ကမ္ဘာ့ကြက်ခြေနီရဲ့ ကြိုးပမ်းမှု

ယမ်းငွေ့ဝေနေဦးမည့် ဂါဇာကမ်းမြောင်

အစ္စရေးနှင့် ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားတဲ့ ဟားမားစ်အဖွဲ့ကြားမှာ ဒီရက်သတ္တပတ်ကုန်အတွင်း စစ်ရေးပဋိပက္ခတွေဖြစ်ခဲ့ပါတယ်။ ဖြစ်စဉ်စတာကတော့ ဟားမားစ်တွေက အစ္စရေးတောင်ပိုင်းကို ဒုံးကျည်နဲ့ပစ်တယ်။ ဒီတော့ အစ္စရေးက လေကြောင်းကနေ ပြန်ပြီးလက်တုံ့ပြန်ခဲ့တယ်။

ပြီးခဲ့တဲ့ရက်တွေက ဂါဇာအခြေစိုက် စစ်သွေးကြွတွေဟာ အစ္စရေးတောင်ပိုင်းကမ်းရိုးတန်းက အက်ရှ်ခါလုံမြို့လေးကို ဒုံးကျည်တစ်စင်းနဲ့ ပစ်ခတ်ခဲ့ပါတယ်။ အစ္စရေးလေတပ်က ဂါဇာစီးတီးအနောက်ဘက်ရှိ ဟားမားစ်အခြေစိုက် စခန်းတစ်ခုကို သောကြာနေ့က ပြန်ပြီးထိုးစစ်ဆင်တော့ ဟားမားစ်ထိပ်တန်းတပ်မှူးတစ်ဦး သေဆုံးခဲ့ပြီး ရှစ်ဦးခန့်ဒဏ်ရာရခဲ့ပါတယ်။ ဒီတော့ ထုံးစံအတိုင်း အစ္စလာမ့်စစ်သွေးကြွတွေကလည်း လက်တုံ့ပြန်မယ် ဘာညာနဲ့ဖြစ်လာပါတယ်။ ဒီတော့ ကမ္ဘာ့သမိုင်းပြတိုက်ထဲမှာ ရာစုနှစ်နှင့် ချီပြီးရှိခဲ့တဲ့ လက်ရှိတိုင်မဖြေရှင်းနိုင်သေးတဲ့ အစ္စရေးနဲ့ ပါလက်စတိုင်း ပြဿနာဟာ ပါးရိုက်လို့ နားပြန်ကိုက်တဲ့ မဆုံးနိုင်တဲ့ ဇာတ်လမ်းတွေနှင့် သံသရာရှည်နေဦးမှာပါ။

အစ္စရေးတွေက ဟားမားစ်တွေရဲ့ အပြုအမူကို ခေါင်းငုံ့ခံနေမှာမဟုတ်ကြောင်း ပြောကြားခဲ့ပြီး တုံ့ပြန်ထိုးစစ်ကို မဆိုင်းမတွ လုပ်ခဲ့ကြတာပါ။ အမှန်တော့ အစ္စရေးနိုင်ငံကလည်း ဂါဇာဒေသမှာ သူတို့ရဲ့စစ်ရှိန်ကို မြှင့်တင်လိုပုံမပေါ်ပါဘူး။ ဒီလို စစ်ရှိန်မြှင့်လိုက်ရင် ဟားမားစ်တွေဆင်တဲ့အကွက်ထဲ ရောက်သွားမှာစိုးရတယ်လို့ အစ္စရေးတာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ ဒါကြောင့် ဂါဇာဒေသမှာလုပ်ခဲ့တဲ့ အစ္စရေးရဲ့စစ်ဆင်ရေးတွေဟာ အကန့်အသတ်ရှိတယ်လို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့် အစ္စရေးဝန်ကြီးချုပ်ကတော့ ဒုံးကျည်ပစ်ခတ်မှုတွေနဲ့ပတ်သက်ပြီး ဟားမားစ်အဖွဲ့ကို ပြင်းပြင်းထန်ထန် သတိပေးလိုက်ပါတယ်။ မိမိတို့နိုင်ငံသားတွေကိုကာကွယ်ဖို့အတွက် အစ္စရေးတွေအနေနဲ့ လိုအပ်သလို ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ဆိုပါတယ်။ သူ့စကားက စစ်ခေါ်သံလို့မဆိုနိုင်လည်းဘဲ ဟားမားစ်ဒုံးကျည်ပြဿနာ မငြိမ်းသရွေ့ ပါလက်စတိုင်း မြေပေါ်မှာ ယမ်းခိုးတွေ ဝေနေဦးမယ့်သဘောကို ဆောင်နေပါတယ်။

ပြီးခဲ့တဲ့အပတ်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာ အာရပ်ကမ္ဘာက နိုင်ငံခြားရေးဝန်ကြီးတွေက ပါလက်စတိုင်းသမ္မတ မာမွတ် အဘတ်စ်ကသာ သူတို့နဲ့ သဘောတူမျှခဲ့မယ်ဆိုရင် အစ္စရေးတွေနဲ့ တိုက်ရိုက်ဆွေးနွေးမှုကို ထောက်ခံပေးမယ်လို့ ဆိုခဲ့ကြပါတယ်။ ဒါကို တုံ့ပြန်တဲ့အနေနဲ့ ဂါဇာဒေသသားတွေဟာ အာရပ်ငြိမ်းချမ်းရေးရှေ့ဆောင်ကော်မတီက လုပ်ခဲ့သမျှနိုင်ငံရေးအရ အမှားတော်ပုံတွေကို ရင်စည်းခံနေရတာပါလို့ပြောပြီး အစ္စရေးနိုင်ငံကို ဒုံးကျည်ပစ်ခတ်ခဲ့ပြီး ဒေါသပေါက်ကွဲပြခဲ့တာပါ။

အခုဖြစ်ပွားနေတဲ့ အစ္စရေးနဲ့ ဟားမားစ်တို့အကြား ဖြစ်ပွားနေတဲ့ပြဿနာကိုကြည့်ရင် ညောင်မြစ်တူး ပုတ်သင်ဥပေါ်သလို အမေရိကန်သမ္မတ ဘာရက်အိုဘားမားရဲ့ စာလေးတစ်စောင်ဟာ ဒီပြဿနာရဲ့ဗဟိုချက်မှာ ပါနေတယ်လို့ ဆိုပါတယ်။ အဲဒီစာထဲမှာ ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်အနေနဲ့ အစ္စရေးနဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုကို ငြင်းပယ်ခဲ့မယ်ဆိုရင် အမေရိကန်နှင့် ပါလက်စတိုင်းအကြား ဆက်ဆံရေးကို ထိခိုက်နိုင်တယ်လို့ သတိပေးထားတာပါ။ အဲဒီစာကို အမေရိကန်သမ္မတက ပေးပို့ပြီးတဲ့နောက်မှာ အာရပ်အဖွဲ့ချုပ်က အစ္စရေးနဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ မာမွတ်အဘတ်စ်ကို မီးစိမ်းပြခဲ့တာပါ။

ဟားမားစ်တွေက ဒီစာနှင့်ပတ်သက်လို့လည်း အမြင်မကြည်ကြပါဘူး။ ဒီစာဟာ အမေရိကန်နိုင်ငံရဲ့ မူဝါဒရေးရာ အမှားတွေကိုဖော်ပြနေပြီး ဇီယွန်ဝါဒီတွေနဲ့ အမေရိကကိုသာ အကျိုးဆောင်မယ့်သဘောလို့ ယူဆကြပါတယ်။

ဒါပေမယ့် အစ္စရေး၊ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂတို့က အကြမ်းဖက်အုပ်စုအဖြစ် အမည်းရောင် စာရင်းထဲ ထည့်သွင်းထားတဲ့ ဟားမားစ်အဖွဲ့ကတော့ ပါလက်စတိုင်းအရေးမှာ ထုံးစံအတိုင်း အောက်ကပဲလှန်ခွပ်ရမယ့်အခြေအနေပါ။

အစ္စရေးစစ်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သော ဟားမားစ်စစ်အခြေစိုက်စခန်း။(*ဓာတ်ပုံ-အင်တာနက်*)

ကလပ်စတာဗုံးပိတ်ပင်ရေး ကြိုးပမ်းနေ

ကလပ်စတာဗုံးခေါ် ဗုံးပဒေသာလက်နက်တွေအသုံးပြုမှု ပိတ်ပင်မယ့်စာချုပ်တစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုးဖို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ဦးဆောင်ကြိုးပမ်းနေတဲ့သတင်းတစ်ရပ် တနင်္ဂနွေနေ့က ထွက်ပေါ်လာပါတယ်။ ကြားသော်ကြားရ နားဝမသက်သာလှတဲ့ ကမ္ဘာ့သတင်းတွေကြားထဲမှာ ဒီသတင်းလေးက သတင်းကောင်းလို့ဆိုရမှာပါ။

ဗုံးပဒေသာလက်နက်များဆိုင်ရာ ကွန်ဗင်းရှင်းဟာ ဒီလက်နက်များကို သိုလှောင်တာတွေ၊ အသုံးပြုတာတွေ၊ ရှိရင်းစွဲလက်နက်တွေကို လက်ဆင့်ကမ်းလွှဲပြောင်းတာတွေကို ပိတ်ပင်ထားပါတယ်။ ပြီးတော့ အသုံးပြုပြီး ပေါက်ကွဲခြင်းမရှိသေးတဲ့ လက်နက်တွေကိုလည်း ရှင်းလင်းကြဖို့ ဒီစာချုပ်သစ်မှာ ဖော်ပြထားပါတယ်။

ဒီဗုံးပဒေသာလက်နက်ပိတ်ပင်ရေးစာချုပ်ကို နိုင်ငံပေါင်း ၁၀၈ နိုင်ငံက သဘောတူခဲ့ကြပါတယ်။ ဒါပေမယ့် သဘောမတူတဲ့ နိုင်ငံတွေက ၃၈ နိုင်ငံ ရှိတယ်လို့ ဆိုပါတယ်။ ဒီသဘောမတူတဲ့နိုင်ငံတွေထဲမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ရုရှားစတဲ့ နိုင်ငံတွေပါဝင်နေတာဟာ အံ့အားသင့်စရာပါ။ အမေရိကန်အစိုးရကတော့ ဒီဗုံးပဒေသာလက်နက်တွေဟာ သုံးစွဲလို့ရတဲ့ ထိုးစစ်သုံးလက်နက်တွေဖြစ်ကြောင်းပြောကြားပြီး ဒီစာချုပ်မှာ ပါဝင်လက်မှတ်ထိုးရေးကို ငြင်းဆန်ခဲ့တာပါ။

ဗုံးပဒေသာလက်နက်တွေကို ဒုတိယကမ္ဘာစစ်ဖြစ်စဉ်ကပဲ သုံးစွဲခဲ့ကြတယ်လို့ ဆိုနိုင်ပါတယ်။ ဒီလက်နက်တွေရဲ့ ထိရောက်မှုစွမ်းပကားဟာ နယ်မြေအဝန်းအဝိုင်းကျယ်ပြန့်ပြီး ရန်သူရဲ့ထိုးစစ်ကို တားဆီးဖို့ ရည်ရွယ်ထုတ်လုပ်ခဲ့တာပါ။ ဒါပေမယ့် ဒီဗုံးပဒေသာလက်နက်တွေကို ခေတ်သစ်စစ်ပွဲတွေမှာ အသုံးပြုနေဆဲဖြစ်ပြီး ယင်းလက်နက်တွေကြောင့် အရပ်သားသေဆုံးမှုတွေ ကမ္ဘာ့သတင်းတွေမှာ မကြာခဏပေါ်ထွက်လာတာကို တွေ့နေရပါတယ်။ ဗုံးတစ်လုံးထဲမှာ ဗုံးငယ်ပေါင်းရာနှင့်ချီ ထည့်သွင်းထားတဲ့အတွက် ကြောက်မက်ဖွယ်လက်နက်ပါ။ ၂၀၀၆ ခုနှစ် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအကြား ဖြစ်ပွားခဲ့တဲ့ စစ်ပွဲပြီးတဲ့နောက် ကလပ်စတာဗုံးသုံးစွဲမှု ပိတ်ပင်ရေးဆောင်ရွက်မှုတွေဟာ ပိုပြီးအရှိန်ရလာပါတယ်။ အဲဒီစစ်ပွဲမှာ အစ္စရေးတွေဟာ ဗုံးပဒေသာလက်နက်တွေကို အသုံးပြုတိုက်ခိုက်ခဲ့တယ်လို့ ဆိုပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်ရဲ့ ခန့်မှန်းချက်အရ ကလပ်စတာဗုံးများကြောင့် သေကျေဒဏ်ရာရသူ ၉၈ ရာခိုင်နှုန်းဟာ အရပ်သားတွေဖြစ်ပြီး ကလေး သုံးပုံတစ်ပုံပါဝင်တယ်လို့ သိရပါတယ်။ ဒါပေမယ့် ဗုံးပဒေသာလက်နက် ပိတ်ပင်ရေးစာချုပ်မှာ အင်အားကြီးနိုင်ငံတွေ ပါဝင်ခြင်းမရှိတာကတော့ သက်ပြင်းမောချစရာပါ။ မှတ်တမ်းမှတ်ရာတွေအရဆိုရင် အမေရိကန်နိုင်ငံတစ်နိုင်ငံထဲမှာတင် ကလပ်စတာဗုံး လက်နက်ပေါင်းသန်း ၈၀၀ ရှိတယ်လို့ သိရပါတယ်။

ဗျည်းနွဲ့

(၂၅၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် ဩဂုတ် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၅၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၀၀၀)
ဏ - ၂၆၀၉၀၁

ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၅၀၀)
ခ-၈၅၀၁၃၆

ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၃၀၀) ဆုများ
တ-၃၁၉၃၁၅
တ-၁၇၃၅၄၄

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ
ဆ-၈၃၃၆၅၉
ဒ-၁၄၆၅၃၅
ည-၉၃၁၆၃၉
ဌ-၉၅၃၂၈၅
န-၇၀၇၀၂၇

ကျပ်သိန်း(၁၀၀) ယူနစ်(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
ပ-၄၀၃၅၈၉
ဌ-၁၉၆၂၅၆
ဋ္ဌ-၄၆၈၉၈၈
ဒ-၄၇၆၄၃၈
ပ-၃၁၆၇၈၇
ဌ-၇၂၉၄၉၆
ဌ-၇၀၅၉၃၇
ပ-၉၃၁၂၄၂
ဆ-၈၁၁၉၇၀
ဂ-၆၃၂၉၉၂
ပ-၄၂၄၂၂၀
ပ-၆၅၁၂၂၉
င-၄၁၂၃၅၄

(သတင်းစဉ်)

ကမ္ဘာ့လမ်းပြမြေပုံစနစ်အတွက် ပဉ္စမမြောက်ဂြိုဟ်တု တရုတ်လွှတ်တင်

ရှီချန် ဩဂုတ် ၁

လမ်းပြမြေပုံစနစ် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းအတွက် အမေရိကန်ပြည်ထောင်စု၏ ဂြိုဟ်တုများကို မှီခိုနေရမှုအား အဆုံးသတ်ရန် ကြိုးစားမှုအဖြစ် ကမ္ဘာ့တည်နေရာပြ လမ်းညွှန်ဂြိုဟ်တုတစ်စင်းကို တရုတ်နိုင်ငံက တနင်္ဂနွေနေ့တွင် လွှတ်တင်ခဲ့ကြောင်းသိရသည်။

ပဉ္စမမြောက်

အဆိုပါ တည်နေရာပြ လမ်းညွှန်ဂြိုဟ်တု သယ်ဆောင်ထားသော ဒုံးပျံကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ ရှီချန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုသည် တရုတ်နိုင်ငံမှ လွှတ်တင်ရန် စီစဉ်ထားသော ဂြိုဟ်တု ၃၅ လုံး အနက် ပဉ္စမမြောက်ဂြိုဟ်တု ဖြစ်ကြောင်းသိရသည်။

ပစ်လွှတ်ခဲ့

တရုတ်နိုင်ငံသည် ဂြိုဟ်တုလမ်းညွှန်မြေပုံစနစ်အတွက် အမေရိကန်ဂြိုဟ်တုများကို မှီခိုအားထားနေရမှုအား အဆုံးသတ်စေရန် ၂၀၀၀ ပြည့်နှစ်ကပင် စတင်ကြိုးပမ်းခဲ့ပြီး တည်နေရာလမ်းညွှန်ဂြိုဟ်တုနှစ်စင်းကို ကနဦး လေ့လာစမ်းသပ်မှုအဖြစ် ပစ်လွှတ်ခဲ့ပြီးဖြစ်သည်။

တစ်ကမ္ဘာလုံး

တရုတ်နိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်ရေး အစီအစဉ်များကို ၂၀၁၂ခုနှစ်မတိုင်မီ အာရှ-ပစိဖိတ်ဒေသတစ်ဝန်း လမ်းညွှန်မြေပုံစနစ်၊ အချိန်နှင့် သတင်းကို ပေးပို့ရေး ဝန်ဆောင်မှုများ အသုံးပြုနိုင်ရန် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဂြိုဟ်တုလမ်းပြမြေပုံစနစ်ကိုမူ ၂၀၂၀ ခုနှစ်တွင် စတင်နိုင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာန၏အဆိုအရ သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လမ်းပြမြေပုံစနစ် ဝန်ဆောင်မှုအတွက် ပဉ္စမမြောက်ဂြိုဟ်တုကို တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ရှီချန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဩဂုတ် ၁ ရက်တွင် လွှတ်တင်သည်ကို တွေ့ရစဉ်။ (*ဓာတ်ပုံ-အင်တာနက်*)

တရားမဝင်လုပ်ကိုင်နေသော အောင်သွယ်တော်ကုမ္ပဏီများ တောင်ကိုရီးယားနိုင်ငံ နှိမ်နင်းမည်

ဆိုးလ် ဩဂုတ် ၁

အောင်သွယ်တော် အေဂျင်စီတစ်ခု၏ စပ်ဟပ်ပေးမှုဖြင့် ကိုရီးယားနိုင်ငံသားတစ်ဦးနှင့် လက်ထပ်ခဲ့သော ဗီယက်နမ်အမျိုးသမီးငယ်တစ်ဦး ခင်ပွန်းသည်၏ ရိုက်နှက်မှုကြောင့် သေဆုံးခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံတကာလက်တွဲဖော်ရှာဖွေရေး အေဂျင်စီများကို စည်းမျဉ်းစည်းကမ်းများ ချမှတ်၍ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၃၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

စိတ်ပေါ့သွပ်

အဆိုပါ ဗီယက်နမ်အမျိုးသမီးငယ် လက်ထပ်ခဲ့သော တောင်ကိုရီးယား အမျိုးသားသည် စိတ်ပေါ့သွပ်နေသူဖြစ်ပြီး ယင်းအကြောင်းနှင့်ပတ်သက်၍ အောင်သွယ်တော်အေဂျင်စီက တစ်ခွန်းတစ်ပါဒမျှ ယင်းအမျိုးသမီးငယ်ကို ပြောကြားခဲ့ခြင်းမရှိကြောင်း တောင်ကိုရီးယားရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဝအခြေအနေ တိုးတက်ရန် မျှော်လင့်ချက်ဖြင့် တောင်ကိုရီးယားနိုင်ငံသားများကို လက်ထပ်ခဲ့ကြသော ပြည်ပနိုင်ငံများမှ အမျိုးသမီးများအတွက် လုံလောက်သော အကာအကွယ်မရှိသည့် အဖြစ်ကို တောင်ကိုရီးယားနိုင်ငံက အလေးနက်ထား စဉ်းစားနေကြောင်း သတင်းတွင် ဖော်ပြသည်။

ကတိပြု

ဗီယက်နမ်အမျိုးသမီးငယ် သေဆုံးခဲ့ရခြင်းအတွက် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်က ဝမ်းနည်းကြောင်း ပြောကြားခဲ့ပြီး တောင်ကိုရီးယားအစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ ဗဟုယဉ်ကျေးမှုရှိသော မိသားစုများကို ကြည့်ရှုစောင့်ရှောက်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

တရားမဝင်လုပ်ကိုင်နေသည်ဟု ယူဆရသော အောင်သွယ်တော်အေဂျင်စီများကို စုံစမ်းစစ်ဆေးသွားမည် ဖြစ်ကြောင်း တောင်ကိုရီးယားရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။ ***အင်တာနက်။***

စက်ရေတွင်းတူးဖော်နေမှုကို မြို့တော်ဝန် ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရန်ကုန်မြို့တော်ဝန် အခမဲ့ဆေးခန်းဖွင့်ပွဲတက်ရောက် သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်မှု စစ်ဆေး

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနက ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ငမောက်လမ်းထိပ်၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်မည့် ဆေးခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဆေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ဗဟန်းမြို့နယ်ရွှေဂုံတိုင်လမ်းရှိ အောင်ချမ်းသာအိမ်ရာ၌ သောက်သုံးရေပိုမိုရရှိစေရန် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဌာနမှူး ဦးသန်းထိုက်၊ ဒုတိယဌာနမှူး ဦးအောင်ဆန်းဝင်း၊လက်ထောက်ဌာနမှူး အင်ဂျင်နီယာ ဦးဝင်းအောင်(ကယား)၊ အင်ဂျင်နီယာ ဦးကျော်ကျော်ဆန်းတို့က စက်ရေတွင်း တူးဖော်နေမှုကို မြို့တော်ဝန်အား ရှင်းလင်းတင်ပြသည်။

ယခုတူးဖော်လျက်ရှိသည့် စက်ရေတွင်းသည် အချင်းရှစ်လက်မ၊ အနက် ပေ ၅၀၀၊ ရေထွက်နှုန်း တစ်နာရီ ရေဂါလန် ၃၅၀၀ မှ ၅၀၀၀ အတွင်း ထွက်ရှိနိုင်မည်ဖြစ်ပြီး အောင်ချမ်းသာအိမ်ရာရှိ အိမ်ထောင်စုပေါင်း ၄၀၀ ကျော် နေထိုင်လျက်ရှိသည်။ (၁၉)

အထက်မြန်မာပြည်ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ ပြေးခုန်ပစ်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) အောက်ရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များသို့ ပြေးခုန်ပစ်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ပြေးခုန်ပစ်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မန္တလေးမြို့ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ငွေကျပ်၃၆သိန်းတန်ဖိုးရှိ ပြေးခုန်ပစ်အားကစားပစ္စည်း ငါးမျိုးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်

နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ပျဉ်းမနားတွင် ၁ဒသမ ၃၀လက်မ၊ နေပြည်တော်(လေဆိပ်)နှင့် တောင်တွင်းကြီးမြို့တို့တွင် ၁ဒသမ ၂၆လက်မစီ၊ ကျောက်ဖြူမြို့တွင် ၃ဒသမ ၁၆လက်မ၊ မောင်တောမြို့တွင် ၂ဒသမ ၇၆လက်မ၊ ထီးလင်းမြို့တွင် ၂ဒသမ ၄၂လက်မ၊ မချမ်းဘောမြို့နှင့် ဟသ်ာတမြို့တို့တွင် ၂ဒသမ ၄၀လက်မစီ၊ ပူတာအိုမြို့တွင် ၂ဒသမ ၂၈လက်မ၊ မုံရွာမြို့တွင် ၁ဒသမ ၆၁လက်မနှင့်မကွေးမြို့တွင် ၁ဒသမ ၁၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ဒသမသုညဒီဂရီစင်တီဂရိတ်) ၉၀ ဒီဂရီဖာရင်ဟိုက်၃၁-၇-၂၀၁၀

အနိမ့်ဆုံးအပူချိန်(၂၄ဒသမ ၅ဒီဂရီစင်တီဂရိတ်)၇၆ဒီဂရီဖာရင်ဟိုက် ၁-၈-၂၀၁၀

၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ရာခိုင်နှုန်း ၁-၈-၂၀၁၀

နေပူသည့်နာရီပေါင်း ၄ဒသမ ၂နာရီခန့် ၃၁-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁-၈-၂၀၁၀	၄မမ	၂၂မမ	၂၉မမ
	(သုညဒသမ ၁၆လက်မ)	(သုညဒသမ ၈၇လက်မ)	(၁ဒသမ ၁၄လက်မ)
၁-၁-၂၀၁၀မှ	၁၀၆၆မမ	၁၂၂၆မမ	၁၄၆၁မမ
ယနေ့အထိ	(၄၁ဒသမ ၉၇လက်မ)	(၄၈ဒသမ ၂၇လက်မ)	(၅၇ဒသမ ၅၂လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၁-၇-၂၀၁၀ ရက် ၃း၃၀ နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ခုနစ်မိုင်နှုန်း တိုက်ခတ်သည်။

မကွေး F.C နှင့် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်တို့ နိုင်ပွဲဆက်ပြီး Delta နိုင်ပွဲပြန်ရ

ရန်ကုန် ဩဂုတ် ၁

၂၀၁၀ MNLအရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့၌ ဆက်လက်ကျင်းပရာ မကွေးF.C၊ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်နှင့် Delta Unitedတို့ နိုင်ပွဲများ ရရှိခဲ့ကြသည်။

(အောင်ဆန်းကွင်း)

မကွေးF.C - သုံးဂိုး

(မျိုးဇော်ဦး-နှစ်ဂိုး၊ ကိုကိုနိုင်)

မနောမြေ - တစ်ဂိုး

(နော်ဆန်း)

နေပြည်တော်ကိုအနိုင်ယူပြီး နိုင်ပွဲပြန်လည်ရရှိခဲ့သည့် မကွေး F.C မှာ ယနေ့ပွဲတွင်လည်း ခြေစွမ်းပြကာ နိုင်ပွဲထပ်မံရယူနိုင်ခဲ့သည်။ ဇေယျာရွှေမြေနှင့်ပွဲကတည်းကအကောင်းဆုံးပုံစံပျောက်ဆုံးပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် မနောမြေအသင်းမှာ ယခုပွဲတွင်လည်း အကောင်းဆုံးပုံစံ ပျောက်ဆုံးနေခဲ့ပြီး ရှုံးပွဲဆက်ခဲ့ရသည်။ မကွေးF.Cမှာ ပွဲချိန်တစ်လျှောက်လုံး မနောမြေ F.Cကို ခြေအသာဖြင့် ဖိကစားကာ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မကွေးF.Cမှာပွဲစကတည်းက တောက်လျှောက်ဖိကစားသွားပြီး မနောမြေဘက်ကို အချိန်တော်တော်များများ ဖိကစားနိုင်ခဲ့သည်။ မနောမြေအသင်းမှာ ခြေစွမ်းပြကစားနိုင်ခြင်းမရှိသောကြောင့် မကွေးF.C၏ ဖိကစားခြင်းကို ခံခဲ့ရပြီး ပထမပိုင်းမှာပင် နှစ်ဂိုးပြတ် ရှုံးနိမ့်နေခဲ့သည်။ ၁၁ မိနစ်တွင် မကွေးF.Cအဖွင့်ဂိုးစရခဲ့ပြီး တိုက်စစ်မှူး မျိုးဇော်ဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မကွေး F.C ကစားပုံပိုကောင်းလာပြီးဒုတိယဂိုးကို ၂၅ မိနစ်တွင် ကိုကိုနိုင်က ထပ်မံသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်းမနောမြေF.Cမှာ ကစားပုံပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် မကွေးF.C၏ ဖိကစားခြင်းကို ခံခဲ့ရသည်။ မကွေး F.Cမှာ ဒုတိယပိုင်းတွင်လည်း ဂိုးထပ်မံရရှိရန် တိုက်စစ်အသားပေးကစားသွားခဲ့သည်။ မကွေးအတွက် တတိယဂိုးကို ၅၉ မိနစ်တွင် တိုက်စစ်မှူး မျိုးဇော်ဦးကပင် သွင်းယူခဲ့ပြီး မနောမြေအတွက် နှစ်သိမ့်ဂိုးကို မိနစ် ၉၀ တွင် နော်ဆန်းက သွင်းယူပေးခဲ့သည်။

(ပဒုမ္မာကွင်း)

ရန်ကုန်ယူနိုက်တက် - လေးဂိုး

(ကောင်းစည်သူ-နှစ်ဂိုး၊ ပြည့်ဖြိုးအောင်၊ လွင်ကိုနိုင်)

နေပြည်တော် - တစ်ဂိုး

(သဲနောင်နောင်ဦး)

ပွဲအစနှစ်မိနစ်တွင် သဲနောင်နောင်ဦးက နေပြည်တော်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပြကာ လေးဂိုးပြန်သွင်းပြီး အနိုင်ရသွားခြင်းဖြစ်သည်။ နေပြည်တော်အသင်းမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း အပြန်အလှန်ကစားနိုင်ခဲ့ရာ ပွဲမှာအကြိတ်အနယ်ရှိခဲ့သည်။ ၁၂ မိနစ်တွင် ကောင်းစည်သူက ချေပဂိုးပြန်လည်သွင်းယူခဲ့ပြီး ရန်ကုန်အတွက် အနိုင်ဂိုးများကို ၅၈ မိနစ်တွင် ပြည့်ဖြိုးအောင်၊ ၆၃ မိနစ်တွင် ကောင်းစည်သူနှင့် ၇၈ မိနစ်တွင် လွင်ကိုနိုင်တို့က သွင်းယူပေးခဲ့သည်။

(စလင်းကွင်း)

Delta United-တစ်ဂိုး

ရတနာပုံ-ဂိုးမရှိ

ယနေ့ပွဲ

(စလင်းကွင်း)

Southern Myanmar-ဇွဲကပင်ယူနိုက်တက်

(ပဒုမ္မာကွင်း)

ဉသာယူနိုက်တက်-ဇေယျာရွှေမြေ

(ကြေးမုံ)

မကွေးတိုက်စစ်မှူး မျိုးဇော်ဦး မနောမြေနောက်ခံလူနှင့် ဂိုးသမားတို့ ကာကွယ်ထားသည့်ကြားမှ ဂိုးသွင်းရန် ကြိုးစားစဉ်။ (ကြေးမုံ)

အိုဇေးလ် အင်္ဂလန်သို့ပြောင်းရွှေ့ကစားလို

လန်ဒန် ဩဂုတ် ၁

ဝါဒါဘရီမင်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား အိုဇေးလ်က မိမိအနေဖြင့် အင်္ဂလန်ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြား လိုက်သည်။

အသက်(၂၁)နှစ်ရှိအိုဇေးလ်မှာ ဝါဒါဘရီမင်အသင်း၏ အဓိကကွင်းလယ်မောင်းနှင်အားဖြစ်သကဲ့သို့ ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင်လည်း မိခင်နိုင်ငံဂျာမနီအသင်းနှင့်အတူ အထူးခြေစွမ်းပြသနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင်အိုဇေးလ်ကို အသင်းကြီးတော်တော်များများကခေါ်ယူရန် စိတ်ဝင်စားလာခဲ့သည်။ ၎င်းက မိမိအနေဖြင့် အင်္ဂလန်ပရီမီယာလိဂ်သို့ပြောင်းရွှေ့ကစားလိုကြောင်း၊ အထူးသဖြင့် အင်္ဂလန် ပရီမီယာလိဂ် ထိပ်သီးအသင်းများဖြစ်သည့် မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့တွင် ပါဝင်ကစားလိုကြောင်း ပြောကြားခဲ့သည်။ ယခုအချိန်တွင် ဂျာမနီကြယ်ပွင့်အိုဇေးလ်ကို ဥရောပအသင်းကြီးငါးသင်းခန့်က စိတ်ဝင်စားလျက်ရှိရာ ယင်းအထဲတွင် စပိန်လာလီဂါမှ ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့လည်း ပါဝင်ဖွယ်ရှိနေသည်။

အင်တာနက်။

ဥရောပအသင်းကြီးများ၏ စိတ်ဝင်စားခြင်းကိုခံနေရသည့် ဂျာမနီကွင်းလယ်ကစားသမား အိုဇေးလ်။

ရစ်ချက်ဆင် ဆန်းဒါးလန်းနှင့် စာချုပ်သက်တမ်းတိုး

လန်ဒန် ဩဂုတ် ၁

အသက်(၂၅)နှစ်ရှိပြီဖြစ်သည့် ရစ်ချက်ဆင်သည် ဆန်းဒါးလန်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို သက်တမ်းတိုးချုပ်ဆိုခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ရစ်ချက်ဆင်မှာ ဆန်းဒါးလန်းတွင် ၂၀၁၃ ခုနှစ်အထိ ရှိနေတော့မည်ဖြစ်သည်။ ၂၀၀၇ ခုနှစ်က မန်ယူအသင်းမှ ဆန်းဒါးလန်းသို့ ပြောင်းရွှေ့လာခဲ့သည့် ရစ်ချက်ဆင်သည် ဆန်းဒါးလန်းအတွက် ၈၅ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ရှစ်ဂိုးသွင်းယူပေးခဲ့သည်။

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

ဆန်းဒါးလန်းနှင့် စာချုပ်သက်တမ်းတိုးလိုက်သည့် ရစ်ချက်ဆင်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား Andhra Pradesh ပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၁

အိန္ဒိယသမ္မတနိုင်ငံ Hyderabad မြို့တွင် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ Andhra Pradesh ပြည်နယ်အုပ်ချုပ်ရေးမှူးက ဇူလိုင် ၂၈ ရက် ညပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ စာမျက်နှာ ၇ ကော်လံ ၅ သို့ ❍

ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ Andhra Pradesh ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က Jubilee Hall ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)